# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
# နေပြည်တော်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန
# အသေးစားစက်မှုလက်မှုလုပ်ငန်းမြှင့်တင်ရေးနည်းဥပဒေ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သမဝါယမဝန်ကြီးဌာနသည် အသေးစားစက်မှုလက်မှုလုပ်ငန်း မြှင့်တင်ရေး ဥပဒေပုဒ်မ ၂၅၊ ပုဒ်မခွဲ (က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါ နည်းဥပဒေများကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်၌ အမိန့်ကြော်ငြာစာအမှတ် ( ၈၄ /၂၀၁၅) ထုတ်ပြန်ခဲ့သည်။

## အခန်း(၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **အသေးစားစက်မှုလက်မှုလုပ်ငန်းမြှင့်တင်ရေး နည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် အသေးစားစက်မှုလက်မှုလုပ်ငန်း မြှင့်တင်ရေးဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ထို့ပြင်အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ**ဆိုသည်မှာ အသေးစားစက်မှုလက်မှုလုပ်ငန်းမြှင့်တင်ရေးဥပဒေ ကို ဆိုသည်။

(ခ ) **မှတ်ပုံတင်လက်မှတ်**ဆိုသည်မှာ အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်ခွင့် ရရှိရေးအတွက် ညွှန်ကြားရေးမှူးချုပ် လက်မှတ်ရေးထိုးပြီး ဦးစီးဌာနက ထုတ်ပေးသော အသိအမှတ်ပြု လက်မှတ်ကိုဆိုသည်။

(ဂ ) **ပုံစံ**ဆိုသည်မှာ ဤနည်းဥပဒေများတွင် ပါရှိသော အစလ ပုံစံများကိုဆိုသည်။

## အခန်း(၂)
## မှတ်ပုံတင်ခြင်း

၃။ ဤဥပဒေအာဏာမတည်မီက အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်လျက်ရှိသူသည် လည်းကောင်း၊ ဥပဒေအရ အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်လိုသူသည်လည်းကောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန မှတစ်ဆင့်ဖြစ်စေ၊ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းမှတစ်ဆင့်ဖြစ်စေ ဦးစီးဌာန သို့ မှတ်ပုံတင်ရန် လျှောက်ထားရမည်။

၄။ မှတ်ပုံတင်လျှောက်ထားသူသည်-

(က) မှတ်ပုံတင်ခွင့်ရရှိရေးအတွက် လျှောက်လွှာပုံစံ(၁)ကို မိမိလုပ်ငန်းတည်ရှိရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန သို့မဟုတ် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်း ကျောင်းများတွင် ဝယ်ယူရမည်။

(ခ) လျှောက်လွှာပုံစံ(၁)ကို ဖြည့်စွက်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသို့ အောက်ပါတို့နှင့်အတူ ပူးတွဲ လျှောက်ထားရမည်-

(၁) လျှောက်လွှာပုံစံ(၁) သုံးစုံ၊

(၂) လိုင်စင်ဓာတ်ပုံ ငါးပုံ၊

(၃) နိုင်ငံသားစိစစ်ရေးကဒ်မိတ္တူ သုံးစောင်၊

(၄) လူသုံးကုန်၊ အလှကုန်နှင့် စားသောက်ကုန်လုပ်ငန်းအတွက် လျှောက်ထားခြင်း ဖြစ်လျှင် ဓာတ်ခွဲစမ်းသပ်မှုရလဒ်များ၊

(၅) တိုင်းရင်းဆေးဝါးဖြစ်ပါက သက်ဆိုင်ရာ တိုင်းရင်းဆေးပညာ ဦးစီးဌာနက ထုတ်ပေးသော လိုင်စင်နှင့်မှတ်ပုံတင်လက်မှတ်၊

(၆) သစ်အခြေပြု အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းတွင် အသုံးပြု သည့် ပြန်စိတ် စက်ငယ်လုပ်ငန်းနှင့် ပရိဘောဂလုပ်ငန်းများဖြစ်ပါကသစ်စက်နှင့် သစ်ဆိုင် များမှဝယ်ယူသောတရားဝင် သစ်ပြေစာများ၊

(၇) အခြားထုတ်ကုန်ပစ္စည်းများအတွက် သက်ဆိုင်ရာ အထောက်အထား စာရွက် စာတမ်းများ ပူးတွဲတင်ပြရမည်။

၅။ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းသည် မိမိသင်တန်းကျောင်းသို့ မှတ်ပုံတင် လျှောက်ထားသူမှ ပေးပို့သည့် လျှောက်လွှာပုံစံ(၁)ကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသို့ ပေးပို့ရမည်။

၆။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနသည် နည်းဥပဒေ ၄ အရ တင်ပြသော လျှောက်လွှာပုံစံ(၁)ကို လက်ခံ ရရှိသည့်အခါ-

(က) ပုံစံ(၁)တွင် ပြည့်စုံစွာရေးသွင်းထားခြင်းရှိမရှိနှင့် ပူးတွဲတင်ပြရမည့်စာရွက် စာတမ်း များ ပြည့်စုံခြင်း ရှိမရှိ စိစစ်ရမည်။

(ခ) ပုံစံ(၁)ပါ အချက်များနှင့် လက်တွေ့ဆောင်ရွက်ချက်များ ကိုက်ညီ မှန်ကန်ခြင်း ရှိမရှိ ကွင်းဆင်းစစ်ဆေးရမည်။

(ဂ) နည်းဥပဒေ ၆၊နည်းဥပဒေခွဲ(ခ) အရ စစ်ဆေးရာတွင် လိုအပ်ချက်များတွေ့ရှိပါက ဖြည့်စွက်ခြင်းနှင့် ပြင်ဆင်ဆောင်ရွက်ခြင်းပြုနိုင်ရန် အကျိုးအကြောင်း ဖော်ပြ၍ လျှောက်လွှာကို သက်ဆိုင်ရာလျှောက်ထားသူအား ပြန်လည်ပေးအပ် ပြင်ဆင်စေရမည်။

(ဃ) ပုံစံ (၁) ပါအချက်များနှင့် လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြချက်များ ပြည့်စုံမှန်ကန်ကြောင်း စိစစ်တွေ့ရှိပါက -

(၁) လက်ခံရရှိသည့် ရက်စွဲနှင့် အမှတ်စဉ်များ ရေးသွင်းခြင်းနှင့် လက်မှတ် ရေးထိုးခြင်းတို့ ဆောင်ရွက်ပြီး မိတ္တူတစ်စုံကို လျှောက်ထားသူအား ပြန်လည် ပေးအပ်ရမည်။

(၂) လျှောက်လွှာမူရင်းတစ်စုံကို မိမိသဘောထားမှတ်ချက်နှင့်အတူ ဦးစီးဌာနသို့ ပေးပို့ရမည်။ မိတ္တူတစ်စုံကိုလက်ခံ အဖြစ် ထိန်းသိမ်းထား ရှိရမည်။

၇။ ဦးစီးဌာနသည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနများမှ ပေးပို့သော လျှောက်လွှာများကို ထပ်မံစိစစ်ပြီး မှတ်ပုံတင် လုပ်ငန်းများကြီးကြပ်စိစစ်ရေးအဖွဲ့ အစည်းအဝေးသို့တင်ပြရမည်။

၈။ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းတို့သည် လျှောက်လွှာရောင်းချရရှိငွေများကို သက်ဆိုင်ရာ အခြားရငွေစာရင်းသို့ ပေးသွင်းရမည်။

၉။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ယင်း၏သဘောထားမှတ်ချက်နှင့်အတူ ဦးစီးဌာနသို့ တင်ပြသည့်မှတ်ပုံတင်လျှောက်လွှာပုံစံများကို မှတ်ပုံတင်လုပ်ငန်းများကြီးကြပ်စိစစ်ရေးအဖွဲ့နှင့်စိစစ်၍ အောက်ပါဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊

(ခ) မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ငြင်းပယ်ခြင်း၊

(ဂ) မှတ်ပုံတင်ခွင့်ပြုရန် ဆိုင်းငံ့ခြင်း။

၁၀။ ဦးစီးဌာနသည် မှတ်ပုံလက်မှတ်ထုတ်ပေးရန် ဆုံးဖြတ်လျှင်-

(က) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် သတ်မှတ်သော မှတ်ပုံတင်ကြေးကို ပေးသွင်းခွင့်ပြုကြောင်း သက်ဆိုင်ရာ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီး ဌာနသို့ အကြောင်း ကြားရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနသည် မှတ်ပုံတင်လျှောက်ထားသူကို မှတ်ပုံတင်ကြေး ပေးသွင်းရန်နှင့် မှတ်ပုံတင်ကြေး ပေးသွင်းပြီးကြောင်း အထောက်အထားတင်ပြရန် အကြောင်းကြားရမည်။

၁၁။ မှတ်ပုံတင်လျှောက်ထားသူက မှတ်ပုံတင်ကြေးပေးသွင်းပြီးကြောင်း အထောက်အထားကို တင်ပြလျှင် မှတ်ပုံတင်လက်မှတ်ပုံစံ(၂)ကို ညွှန်ကြားရေးမှူးချုပ်က လက်မှတ်ရေးထိုးပြီး ထုတ်ပေး ရမည်။

၁၂။ ဦးစီးဌာနသည် မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ငြင်းပယ်ကြောင်းဆုံးဖြတ်လျှင် ငြင်းပယ် ရသည့် အကြောင်းရင်းကိုလည်းကောင်း၊ မှတ်ပုံတင်ခွင့်ပြုရေးအတွက် ဆိုင်းငံ့ရန် ဆုံးဖြတ်လျှင် ယင်းသို့ ဆိုင်းငံ့ရသည့် အကြောင်းရင်းကိုလည်းကောင်း ဖော်ပြ၍ မှတ်ပုံတင် လျှောက်ထားသူနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသို့ အကြောင်းကြားရမည်။

၁၃။ မှတ်ပုံတင်လျှောက်ထားသူသည် နည်းဥပဒေ ၁၂ အရ အကြောင်းကြားချက်ကို ရရှိသည့်အခါ အကြောင်းကြားချက်ပါ အကျိုးအကြောင်းဖော်ပြချက်အရ လိုအပ်ချက်များကို ပြင်ဆင် ဖြည့်စွက် ခြင်းနှင့် ပြုပြင်ပြောင်းလဲခြင်းတို့ဆောင်ရွက်၍ မှတ်ပုံတင်ပေးရန် ဦးစီးဌာနသို့ထပ်မံလျှောက်ထား ခွင့်ရှိသည်။

၁၄။ ဦးစီးဌာနသည် မှတ်ပုံတင်လျှောက်ထားသူက မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း သို့မဟုတ် မှတ်ပုံတင်ခွင့်ပြုရန် ဆိုင်းငံ့ခြင်းနှင့်စပ်လျဉ်း၍ လိုအပ်သလိုပြင်ဆင် ဖြည့်စွက်ခြင်းနှင့်ပြုပြင်ပြောင်းလဲခြင်းတို့ ဆောင်ရွက်၍ မှတ်ပုံတင်ပေးရန် ထပ်မံ လျှောက်ထားလျှင် စိစစ်၍ လိုအပ်ချက်များပြည့်စုံကြောင်းတွေ့ရှိပါက မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန်ဆုံးဖြတ် နိုင်သည်။ မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန် ဆုံးဖြတ်ပါက နည်းဥပဒေ ၁၀ နှင့် ၁၁ တို့ နှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၁၅။ မှတ်ပုံတင်သက်တမ်းသည်ဦးစီးဌာနက ထုတ်ပေးသည့်နေ့ရက်မှစ၍ (၂) နှစ်ဖြစ် သည်။

## အခန်း(၃)

## မှတ်ပုံတင်လက်မှတ်ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်း

၁၆။ လုပ်ငန်းရှင်သည် မှတ်ပုံတင်လက်မှတ်ပျက်စီးလျှင်ဖြစ်စေ၊ ပျောက်ဆုံးလျှင်ဖြစ်စေ မှတ်ပုံတင် လက်မှတ်မိတ္တူထုတ်ပေးရန် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာနရုံးသို့ ခိုင်လုံသောအထောက်အထားများနှင့်အတူ လျှောက်ထားရမည်။

၁၇။ နည်းဥပဒေ ၁၆ အရ လျှောက်ထားသည့်အခါ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည်-

(က) အောက်ပါအချက်များကို စိစစ်ပြီး မှန်ကန်ကြောင်း တွေ့ရှိလျှင် မှတ်ပုံတင် လက်မှတ် မိတ္တူကြေးပေးသွင်းစေပြီး မှတ်ပုံတင်လက်မှတ် မိတ္တူ ထုတ်ပေးရန် ဦးစီးဌာနသို့ ထောက်ခံတင်ပြရမည်-

(၁) မှတ်ပုံတင်လက်မှတ်ပျက်စီးရသည့် အကြောင်းအရင်းနှင့်အထောက်အထား များသည် ခိုင်လုံခြင်း ရှိမရှိ၊

(၂) မှတ်ပုံတင်လက်မှတ် ပျောက်ဆုံးခြင်းအတွက် သက်ဆိုင်ရာ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးမှထောက်ခံထားခြင်း ရှိမရှိ၊

(၃) ပျက်စီးသော မှတ်ပုံတင်လက်မှတ်ပူးတွဲတင်ပြခြင်း ရှိမရှိ၊

(ခ) နည်းဥပဒေ၁၇၊နည်းဥပဒေခွဲ(က)၊ နည်းဥပဒေခွဲငယ် (၁)၊ (၂)နှင့် (၃) တို့ပါ အချက် တစ်ရပ်ရပ်လိုအပ်ကြောင်းတွေ့ရှိပါက သက်ဆိုင်ရာလုပ်ငန်းရှင်ကို ဖြည့်စွက်တင်ပြရန် အကြောင်းကြားရမည်။

၁၈။ ဦးစီးဌာနသည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနက နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ (က) အရ မှတ်ပုံတင်လက်မှတ်မိတ္တူ ထုတ်ပေးရန် တင်ပြချက်ကိုလက်ခံရရှိလျှင် လုပ်ငန်းရှင်ကို မှတ်ပုံတင်လက်မှတ်မိတ္တူထုတ်ပေး ရမည်။

## အခန်း(၄)

## မှတ်ပုံတင်လက်မှတ်ပါအချက်များပြင်ဆင်ခြင်း

၁၉။ လုပ်ငန်းရှင်သည် မိမိ၏ လုပ်ငန်းတည်နေရာပြောင်းလဲခြင်း၊ လုပ်ငန်းအမည် ပြောင်းလဲခြင်း၊ လုပ်ငန်းရှင်အမည်ပြောင်းလဲခြင်း သို့မဟုတ် အသုံးပြုသည့်မြင်းကောင်ရေအား ပြောင်းလဲပါ

က ပုံစံ(၅)ကို ဖြည့်စွက်၍ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသို့ လျှောက်ထားရမည်။

၂၀။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် နည်းဥပဒေ ၁၉ အရ လျှောက်ထားချက်ကိုရရှိသည့်အခါ စိစစ်ပြီး ဦးစီးဌာနသို့တင်ပြရမည်။

၂၁။ ဦးစီးဌာနသည် မှတ်ပုံတင်လက်မှတ်ပါအချက်များ ပြင်ဆင်ရန်လျှောက်ထားချက်ကို လိုအပ်သလိုစိစစ်၍ခွင့်ပြုရန်ဆုံးဖြတ်ပါက လုပ်ငန်းရှင်ကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသို့ အခကြေးငွေပေးသွင်းစေပြီး ပုံစံ (၄) ကိုထုတ်ပေးရမည်။

## အခန်း (၅)

## လုပ်ငန်းရှင်များ၏ တာဝန်နှင့် ခံစားနိုင်ခွင့်များ

၂၂။ လုပ်ငန်းရှင်သည် ဥပဒေပုဒ်မ ၇ ပါတာဝန်များကိုထမ်းဆောင်ရမည်ဖြစ်ပြီး ပုဒ်မ ၈ ပါ ခံစားခွင့်တစ်ရပ် သို့မဟုတ် တစ်ရပ်ထက်ပို၍ရရှိလိုလျှင် အောက်ပါအချက်များကိုဖော်ပြ၍ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသို့ တင်ပြနိုင်သည်-

(က) ကုန်ထုတ်လုပ်မှုတိုးတက်ရေးနှင့် ကုန်ပစ္စည်းအရည်အသွေး မြင့်မားရေးအတွက် နည်းပညာရပ်များရယူရန်လိုအပ်သော ကိစ္စရပ်ဖြစ်ပါက -

(၁) လက်ရှိကုန်ထုတ်လုပ်မှုအခြေအနေ၊

(၂) ထုတ်လုပ်လျက်ရှိသောကုန်ပစ္စည်း၏ အရည်အသွေး၊

(၃) လိုအပ်သော နည်းပညာရပ်နှင့် ကျွမ်းကျင်မှု၊

(၄) ကုန်ထုတ်လုပ်မှုတိုးတက်နိုင်သည့် ခန့်မှန်းတွက်ချက်မှု၊

(၅) ကုန်ပစ္စည်းအရည်အသွေးမြင့်မားနိုင်သည့်အလားအလာ၊

(ခ) ထုတ်လုပ်သောစံချိန်စံညွှန်းမီကုန်ပစ္စည်းများကိုနိုင်ငံခြားဈေးကွက်သို့ တင်ပို့ရောင်းချရန်ကိစ္စဖြစ်ပါက-

(၁) ထုတ်လုပ်သောကုန်ပစ္စည်းများ၏ စံချိန်စံညွှန်းနှင့် ညီညွတ်သည့်အခြေအနေ၊

(၂) နိုင်ငံခြားဈေးကွက်သို့ တင်ပို့ရောင်းချနိုင်မည့် ပမာဏ၊

(၃) သက်ဆိုင်ရာဝန်ကြီးဌာနသို့ ပို့ကုန်သွင်းကုန်လိုင်စင် တင်ပြ လျှောက်ထားသည့် အခြေအနေ၊

(၄) တင်ပို့ရောင်းချမည့် နိုင်ငံနှင့်ယင်းနိုင်ငံက လက်ခံမည့် ကုန်ပစ္စည်းစံချိန်စံညွှန်း သတ်မှတ်ချက်၊

(ဂ) နိုင်ငံခြားငွေဖြင့် ကုန်ကြမ်း၊ စက်နှင့် စက်ကိရိယာအရံပစ္စည်းများ ဝယ်ယူရန် ကိစ္စဖြစ်ပါက -

(၁) ဝယ်ယူရန်လိုအပ်သည့် ကုန်ကြမ်း၊ စက်နှင့်စက်ကိရိယာအရံများနှင့်တန်ဖိုး၊

(၂) ဝယ်ယူရရှိနိုင်သည့် နိုင်ငံ၊

(၃) ပြည်ပသို့ တင်ပို့ရောင်းချခဲ့သည့် ကုန်ပစ္စည်းအမျိုးအမည်နှင့် အရေအတွက်၊

(၄) တင်ပို့ရောင်းချရရှိခဲ့သည့် နိုင်ငံခြားငွေ၊

(၅) သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ကုန်ပစ္စည်းတင်သွင်းခွင့်လိုင်စင်တင်ပြ လျှောက်ထား သည့် အခြေအနေ၊

(၆) ကုန်ကြမ်း၊စက်နှင့်စက်ကိရိယာအရံပစ္စည်းများ အသုံးပြုမည့်နည်းလမ်း၊

(ဃ) ပြည်ပနိုင်ငံများသို့ သွားရောက်လေ့လာခြင်း၊ ဆွေးနွေးပွဲတက်ရောက်ခြင်း၊ သင်တန်း တက်ရောက်ခြင်းပြုရန် ကိစ္စဖြစ်ပါက-

(၁) နိုင်ငံကူးလက်မှတ်ရရှိထားသည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအမည်နှင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်း၊

(၂) သွားရောက်လေ့လာခြင်း၊ ဆွေးနွေးခြင်း သို့မဟုတ် သင်တန်းတက်ရောက်ခြင်း ပြုမည့် နိုင်ငံ၊ ဘာသာရပ်နှင့် အချိန်ကာလ၊

(င) ပြည်ပမှကျွမ်းကျင်သူများ၏ အကူအညီရယူခြင်းပြုရန် ကိစ္စဖြစ်ပါက-

(၁) ကျွမ်းကျင်သူနေထိုင်သည့် နိုင်ငံ၊

(၂) ကျွမ်းကျင်သူအကူအညီရယူရန် လိုအပ်သည့်လုပ်ငန်း၊

(၃) ကျွမ်းကျင်သူအား မြန်မာနိုင်ငံတွင်နေထိုင်ခွင့်ပြုရန်လိုအပ်သည့် အချိန်ကာလ၊

(၄) လိုအပ်သည့်ကျွမ်းကျင်သူဦးရေ၊

(၅) ကျွမ်းကျင်သူထံမှ ရရှိနိုင်သည်ဟုယူဆသော အကူအညီများ၊

(စ) ချေးငွေနှင့် အထောက်အပံ့များရယူရန် ကိစ္စဖြစ်ပါက -

(၁) လိုအပ်သည့်ချေးငွေနှင့် အထောက်အပံ့များ၊

(၂) ချေးငွေနှင့် အထောက်အပံ့များ ရယူလိုသည့်နည်းလမ်း၊

(၃) ချေးငွေကို ပြန်လည်ပေးဆပ်ရန် ရည်ရွယ်သည့် အစီအစဉ်၊

(၄) ချေးငွေအတွက် အာမခံဖြစ်စေနိုင်သည့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့် လုပ်ငန်းများ၊

(၅) ချေးငွေနှင့်အထောက်အပံ့များကို အသုံးပြုမည့် လုပ်ငန်းအမျိုးအစားနှင့် ပမာဏ၊

၂၃။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် နည်းဥပဒေ၂၂ အရ တင်ပြချက်ကို မှန်ကန်ခြင်း ရှိ မရှိ ကွင်းဆင်းစစ်ဆေးရမည်။

၂၄။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနသည် နည်းဥပဒေ ၂၃ နှင့်အညီ စိစစ်ပြီး-

(က) လိုအပ်ချက်များရှိပါက ပြင်ဆင်ဖြည့်စွက် ဆောင်ရွက်ခြင်းပြုရန် လမ်းညွှန်နိုင်သည်။

(ခ) နည်းဥပဒေ ၂၂ ပါအချက်များနှင့် ပြည့်စုံကြောင်း တွေ့ရှိရပါက မိမိသဘောထား မှတ်ချက်နှင့်အတူ ဦးစီးဌာနသို့ တင်ပြရမည်။

၂၅။ ဦးစီးဌာနသည် နည်းဥပဒေ ၂၄၊ နည်းဥပဒေခွဲ (ခ)အရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ တင်ပြချက်နှင့် သဘောထား မှတ်ချက်ကို စိစစ်ပြီး ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဃ)၊(င)နှင့် (စ)တို့ပါ ကိစ္စရပ်များဖြစ်ပါက သက်ဆိုင်ရာ လုပ်ငန်းရှင်၏လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် ခွင့်ပြုချက် ရရှိရန် ဝန်ကြီးဌာနသို့ သဘောထားမှတ်ချက်နှင့်အတူ တင်ပြရမည်။

၂၆။ ဝန်ကြီးဌာနသည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနနှင့် ဦးစီးဌာန၏ သဘောထားမှတ်ချက်များနှင့် လုပ်ငန်းရှင် ၏ တင်ပြချက်တို့ကို စိစစ်ပြီး လုပ်ငန်းရှင်အတွက် အခွင့်အရေးရရှိရန် သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ စီစဉ် ဆောင်ရွက်ပေးရမည်။

၂၇။ လုပ်ငန်းရှင်များသည်-

(က) လုပ်ငန်းမျိုးတူစုများ၊ သမဝါယမအသင်းများဖွဲ့စည်းလိုပါက အသင်း သို့မဟုတ် အဖွဲ့များ ဖွဲ့စည်းပေးရန် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြရမည်။

(ခ) ပြပွဲပြိုင်ပွဲများ၊ ဈေးရောင်းပွဲတော်များနှင့် သက်ဆိုင်သည့် မျိုးတူစုကိစ္စရပ်များ ဆောင်ရွက်ရန်လိုအပ်ပါက သက်ဆိုင်ရာတိုင်းဒေကြီးသို့မဟုတ်ပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ သဘောတူညီချက်ဖြင့်ဆောင်ရွက်ရမည်။

၂၈။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီး ဌာနသည်

(က) နည်းဥပဒေ ၂၇၊နည်းဥပဒေခွဲ (က)အရ တင်ပြချက်ကိုလက်ခံရရှိလျှင် မိမိ သဘောထား မှတ်ချက်နှင့်အတူ ညွှန်ကြားရေးမှူးချုပ် ထံ တင်ပြရမည်။

(ခ) နည်းဥပဒေ ၂၇၊ နည်းဥပဒေခွဲ(ခ)အရ တင်ပြချက်နှင့်စပ်လျဉ်း၍ လိုအပ်ပါက ဦးစီးဌာန၏ သဘောထားနှင့်အကူအညီကို ရယူနိုင်သည်။

၂၉။ ညွှန်ကြားရေးမှူးချုပ်သည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက နည်းဥပဒေ ၂၈၊ နည်းဥပဒေခွဲ(က)အရ တင်ပြချက်ကို ရရှိလျှင် စိစစ်ပြီး အသင်း သို့မဟုတ် အဖွဲ့ဖွဲ့စည်းပေးသင့်ကြောင်း တွေ့ရှိပါ က အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စုပေါင်းလုပ်ကိုင်ရန် အသင်း သို့မဟုတ် အဖွဲ့ကိုဖွဲ့စည်း ပေးနိုင်သည်။

၃၀။ ဦးစီးဌာနသည် လုပ်ငန်းရှင်များကဆောင်ရွက်သော ပြပွဲပြိုင်ပွဲများ၊ ဈေးရောင်းပွဲတော်များ နှင့် သက်ဆိုင်သည့် မျိုးတူစုကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအား လိုအပ်သော အကူအညီများ ပေးရမည်။

## အခန်း (၆ )

## စစ်ဆေးခြင်းနှင့် အရေးယူခြင်း

၃၁။ အသေးစားစက်မှုလက်မှုလုပ်ငန်း ဟုတ်မဟုတ်နှင့် အသေးစားစက်မှုလက်မှုလုပ်ငန်း သတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိ၊မရှိကို ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ယင်းကတာဝန် ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့က ဝင်ရောက်စစ်ဆေး နိုင်သည်။

၃၂။ မည်သည့် လုပ်ငန်းရှင် သို့မဟုတ် စီမံအုပ်ချုပ်သူမဆို အသေးစားစက်မှုလက်မှုလုပ်ငန်း တစ်ခုခုကိုဦးစီးဌာနက နည်းဥပဒေ ၃၁ အရ ဝင်ရောက်စစ်ဆေးလျှင် လိုအပ်သလိုအကူအညီပေး၍ စစ်ဆေးခြင်းခံယူရမည်။

၃၃။ နည်းဥပဒေ ၃၁ အရစစ်ဆေးရာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဟုတ်မဟုတ် အငြင်းပွားမှု ပေါ်ပေါက်လာလျှင် ညွှန်ကြားရေးမှူးချုပ်မှတစ်ဆင့် ပြည်ထောင်စု ဝန်ကြီးထံ တင်ပြ၍ အဆုံးအဖြတ် ရယူရမည်။ ပြည်ထောင်စုဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

၃၄။ ဦးစီးဌာနသည် ဥပဒေပုဒ်မ ၁၉၊ပုဒ်မခွဲ (ခ) အရ ညွှန်ကြားရေးမှူးချုပ်က တပ်ရိုက်သည့် ဒဏ်ကြေးကို သက်ဆိုင်ရာလုပ်ငန်းရှင်က ပေးဆောင်ရန်ပျက်ကွက်လျှင် ဒဏ်ကြေးကို အခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရန် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအား တာဝန်ပေးအပ်နိုင် သည်။

၃၅။ ညွှန်ကြားရေးမှူးချုပ်သည် ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဃ)အရ မှတ်ပုံတင် ပယ်ဖျက်ရန် ဆုံးဖြတ်လျှင် မည်သည့်အကြောင်းကြောင့် မည်သည့်နေ့မှစ၍ ပယ်ဖျက်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးမှတစ်ဆင့် လုပ်ငန်းရှင်ထံ စာဖြင့်အကြောင်းကြားရမည်။

## အခန်း (၇)
## အယူခံခြင်း

၃၆။ ဦးစီးဌာနက နည်းဥပဒေ ၉၊နည်းဥပဒေခွဲ (ခ)နှင့် (ဂ)တို့အရ ချမှတ်သော ဆုံးဖြတ်ချက်ကို ဖြစ်စေ၊ ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ(ခ)အရ ညွှန်ကြားရေးမှူးချုပ်က ချမှတ်သော ဆုံးဖြတ်ချက်ကိုဖြစ်စေ မကျေနပ်သူသည် အောက်ပါစာရွက်စာတမ်းများနှင့်အတူ ပြည်ထောင်စုဝန်ကြီးထံ အယူခံဝင်ရောက် နိုင်သည်-

(က) ဦးစီးဌာန သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်မိတ္တူမှန်၊

(ခ) အယူခံအကြောင်းပြချက်များ၊

(ဂ) အယူခံရက်ကျော်လွန်ပါကသတ်မှတ်အယူခံရက်အတွင်း အယူခံဝင်ရောက်နိုင်ခြင်း မရှိသည့် ခိုင်လုံသော အကြောင်းပြချက်၊

၃၇။ ပြည်ထောင်စုဝန်ကြီး၏ဆုံးဖြတ်ချက်ကို ဝန်ကြီးဌာနကသက်ဆိုင်သူထံစာဖြင့် အကြောင်း ကြားရမည်။ မိတ္တူကို ညွှန်ကြားရေးမှူးချုပ်ထံပေးပို့ရမည်။

## အခန်း (၈)

## အထွေထွေ

၃၈။ ဦးစီးဌာနသည် သတ်မှတ်သောမှတ်ပုံတင်ကြေး၊ ဒဏ်ကြေးနှင့် မှတ်ပုံတင်ပါ အချက်အလက်များ ပြင်ဆင်ခြင်းအတွက် အခကြေးငွေများကို လိုအပ်ပါက ပြင်ဆင်သတ်မှတ်နိုင်သည်။

၃၉။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနသည် မှတ်ပုံတင်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရရှိသောအခကြေးငွေများကို ၎င်း၏ရငွေစာရင်းမှတစ်ဆင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ ရငွေစာရင်း သို့ ပေးသွင်းဆောင်ရွက်ရမည်။

၄၀။ ဦးစီးဌာနနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် မှတ်ပုံတင်ထားသော အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွင်းဆင်းလေ့လာပြီး လိုအပ်သောအကူအညီများပေးရမည်။

၄၁။ လုပ်ငန်းရှင်များသည် ကုန်ကြမ်းသုံးစွဲခြင်း၊ ကုန်ချောထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူး ရောင်းချခြင်း တို့ကိုဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ သက်ဆိုင်ရာဝန်ကြီးဌာန များ၏ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များကိုလိုက်နာဆောင်ရွက်ရမည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

**နေပြည်တော်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန**

**အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ညွှန်ကြားချက်များ**

၁။ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် အသေးစားစက်မှုလက်မှုလုပ်ငန်းများ မှတ်ပုံတင်ခြင်းတွက် ညွှန်ကြားစာအမှတ် ( ၁ /၂၀၁၃) ကို ၂၀၁၃ မတ်လ ၂၂ ရက်စွဲပါ စာအမှတ်၊ စီမံကိန်း၄-၂/၂၀၁၃ (၁၅၀) ဖြင့်လည်းကောင်း၊ ညွှန်ကြားစာအမှတ် ( ၁ /၂၀၁၅) ကို ၂၀၁၅ မေလ ၂၄ ရက်စွဲပါ စာအမှတ်၊ စီမံကိန်း၄-၂/၂၀၁၅ (၃၀၃) ဖြင့်လည်းကောင်း အောက်ပါအတိုင်း ထုတ်ပြန်ခဲ့သည်။

| စဉ် | အကြောင်းအရာ | နှုန်းထား/ကျပ် | မှတ်ချက် |
|---|---|---|---|
| ၁ | လုပ်ငန်းသစ်လျှောက်ထားခြင်းလျှောက်လွှာ | ၁၀၀၀ | |
| ၂ | မှတ်ပုံတင်ကြေး | ၁၀၀၀၀ | |
| ၃ | မှတ်ပုံတင်သက်တမ်းတိုးမြှင့်ကြေး | ၈၀၀၀ | |
| ၄ | မှတ်ပုံတင်မိတ္တူရယူခြင်း | ၅၀၀၀ | မှတ်ပုံတင်ကြေး၏ ၅၀% |
| ၅ | မှတ်ပုံတင်ပါအချက်အလက်ပြင်ဆင်ခြင်း | ၅၀၀၀ | မှတ်ပုံတင်ကြေး၏ ၅၀% |
| ၆ | သတ်မှတ်ချိန်ကျော်လွန်လျှောက်ထားခြင်း | ၅၀၀၀ | မှတ်ပုံတင်ကြေး၏ ၅၀% |

မှတ်ချက် - မှတ်ပုံတင်သတ်တမ်းသည် (၂) နှစ်ဖြစ်သည်။

-သက်တမ်းမကုန်မီ (၁)လအတွင်းဤဦးစီးဌာနသို့သက်တမ်းတိုးလျှောက်ထားရမည်။

-သက်တမ်း ကျော်လွန်ခြင်းကို (၆) လ အတွင်း ဒဏ်ကြေးကောက်ခံ၍ ဆက်လက် သက်တမ်းတိုးပေးမည်၊ (၆)လ ကျော်လွန်ပါကပျက်ပြယ်မည်။

-ဒဏ်ကြေးသည်သက်မှတ်ကာလရက်ကျော်ပါက (၆) လအထိ ၅၀၀၀ကျပ်ဖြစ်သည်။

**အသေးစားစက်မှုလက်မှုလုပ်ငန်းများ မှတ်ပုံတင်ပြင်ဆင်ခြင်း၊ ပျောက်ဆုံး၊ ပျက်စီးခြင်း တို့အတွက်ဆောင်ရွက်ရမည့်အချက်**

**ပြင်ဆင် (လိပ်စာ၊ မြင်းကောင်ရေ)**

- ဓာတ်ပုံ (၂) ပုံ
- အစလပုံစံ ၃ နှင့် ၅
- ရပ်ကွက်၊ ရ.ယ.က ထောက်ခံစာ (မူလလိပ်စာ+ပြောင်းရွှေ့လိပ်စာ)
- မှတ်ပုံတင်မိတ္တူ (၁) စောင် (နိုင်ငံသားစိစစ်ရေးကဒ်ပြား)
- နယ်မြေစစ်ဆေးရေးအဖွဲ့ အစီရင်ခံစာ
- မူလလုပ်ငန်း လိုင်စင်ကဒ်ပြား

**မိတ္တူထုတ်ပေးရေးကိစ္စ**

- လုပ်ငန်းရှင်၏အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း မှတ်ပုံတင်မိတ္တူထုတ်ပေးပါရန်တင်ပြစာ
- ဓာတ်ပုံ (၂) ပုံ
- မှတ်ပုံတင်မိတ္တူ (၁) စောင် (နိုင်ငံသားစိစစ်ရေးကဒ်ပြား)
- ပျောက်ဆုံးကြောင်း ရဲစခန်းထောက်ခံစာ
- ပျောက်ဆုံးကြောင်း ရပ်ကွက်ထောက်ခံစာ

**လုပ်ငန်းရှင်အမည်ပြောင်းလျှောက်ထားခြင်း**

- အမည်ပြောင်းလျှောက်ထားသူ၏တင်ပြစာ
- ဓာတ်ပုံ (၂) ပုံ
- ရပ်ကွက်ထောက်ခံစာ
- ရဲစခန်းထောက်ခံစာ

- ပထမလုပ်ငန်းရှင်၏သေစာရင်း မိတ္တူ
- တရားရုံးမှအာဏာလွှဲအပ်ထားသည့်စာ
- မှတ်ပုံတင်မိတ္တူ
- အစလ (၁)

၂။ အသေးစားစက်မှုလက်မှုလုပ်ငန်းမှတ်ပုံတင်လျှောက်ထားသည့် လုပ်ငန်းရှင်များ၏ ထုတ်ကုန်ပစ္စည်းများအား ဓာတ်ခွဲစမ်းသပ်ရာတွင် ပစ္စည်းအမျိုးအစားအလိုက် အောက်ပါ အချက်အလက်များအတိုင်း မဖြစ်မနေဓာတ်ခွဲစမ်းသပ်ရန် ၂၀၁၇ခုနှစ်၊ ဖေဖော်ဝါရီလ (၈)ရက်နေ့ ရက်စွဲပါစာအမှတ်၊ စီမံ (သု) ၅/၂၀၁၇ (၀၃၀) ဖြင့်ညွှန်ကြားထားရှိပါသည်။

| No. | Sample | Chemical Analysis | Micro Analysis |
|---|---|---|---|
| 1 | ဆီ | Peroxide Value | Aflatoxin |
| | | Acid Value | |
| | | Iodine Value | |
| | | Sponification Value | |
| | | Rancidity | |
| | | Moisture | |
| 2 | ရေ | pH | Coliform/ E- Coil |
| | | Hardness | |
| | | Total Solid | |
| | | Alkalinitiy | |
| | | Chloride | |
| | | Iron | |
| | | Lead | |
| | | Arsenic | |
| 3 | ယိုအမျိုးမျိုး | Acidity | T.P.C<br>Yeast&Mold |
| | | Sugar Content | |
| | | Colour | |
| 4 | ဖျော်ရည်အမျိုးမျိုး | Acidity | T.P.C<br>Yeast&Mold |
| | | Sugar Content | |

| | | | |
|---|---|---|---|
| | | Fruit Content<br>Colour | Coliform/ E- Coil |
| 5 | အာလူးကြော်၊ ပဲကြော်နှင့် အကြော်အမျိုးမျိုး | Rancidity<br>Moisture | T.P.C<br>Yeast&Mold<br>Aflatoxin(Peanut) |
| 6 | လ္ဘက်၊လ္ဘက်ခြောက် | Rancidity(ဆီစိမ်လ္ဘက်)<br>Acidity(လ္ဘက်ချဉ်စပ်)<br>Tannin<br>Colour<br>Moisture (လ္ဘက်ခြောက်) | T.P.C<br>Yeast&Mold |
| 7 | ကော်ဖီမှုန့် | Moisture<br>Caffeine | T.P.C<br>Yeast&Mold |
| 8 | နွားနို့နှင့်နို့ထွက်ပစ္စည်းများ | Fat<br>Protein<br>Sugar Content<br>Acidity (ဒိန်ချဉ်) | T.P.C<br>Yeast&Mold<br>Coliform/ E- Coil<br>(နွားနို့) |
| 9 | အသားခြောက်၊ ဝက်အူချောင်း၊ ကြက်အူချောင်းနှင့် Seafood များ | Fat<br>Protein<br>Moisture | T.P.C<br>Yeast&Mold |
| 10 | ငရုတ်သီးမှုန့်၊ နနွင်းမှုန့် | Colour<br>Moisture | Aflatoxin |
| 11 | ဆော့(စ်)အမျိုးမျိုး | Acidity<br>Sugar Content<br>Colour | T.P.C<br>Yeast&Mold<br>Aflatoxin<br>(ငရုတ်သီးဆော့(စ်) |
| 12 | ငါးပိ၊ ငံပြာရည် | Lead<br>Arsenic<br>Salt<br>Protein<br>Colour | T.P.C<br>Yeast&Mold<br>Coliform/ E- Coil<br>(အရည်) |

| | | | |
|---|---|---|---|
| 13 | ပျားရည် | Sugar Content | T.P.C<br>Yeast&Mold<br>Coliform/ E- Coil |
| | | Protein | |
| | | Acidity | |
| 14 | အလှကုန်အမျိုးမျိုး | pH | T.P.C<br>Yeast&Mold |
| | | Lead | |
| | | Arsenic | |
| | | Free Akali | |
| 15 | ဆပ်ပြာ၊ ဆပ်ပြာရည်အမျိုးမျိုး၊ ခေါင်းလျှော်ရည်၊ Body Shower | pH | |
| | | Foaming Time | |
| | | Detergenecy Power | |
| | | Free Akali | |
| | | lead | |

၃။ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် အသေးစားစက်မှုလက်မှုလုပ်ငန်းများ မှတ်ပုံတင်ခြင်းနှင့်ပတ်သတ်၍လိုက်နာဆောင်ရွက်ရန်တွက် ညွှန်ကြားစာအမှတ် ( ၁ /၂၀၁၆) ကို ၂၀၁၆ ဇူလိုင်လ ၂၈ ရက်စွဲပါ စာအမှတ်၊ စီမံကိန်း၄-၆/၂၀၁၆(၄၂၃) ဖြင့်အောက်ပါအတိုင်းထုတ်ပြန်ခဲ့သည်။

(က) အသေးစားစက်မှုလက်မှုလုပ်ငန်းသုံးသစ်အခြေခံ ၁၈" လွှဝိုင်းသစ်စက်များမှတ်ပုံတင် လျှောက်ထား/ခွင့်ပြုရာတွင် “ပြန်စိတ်စက်” ဟူသည့်ဝေါဟာရအစား ပရိဘောဂ လုပ်ငန်း၊ သေတ္တာခွံလုပ်ငန်းစသည့် သက်ဆိုင်ရာလုပ်ငန်းအမျိုးအစားကို တိတိကျကျ ဖော်ပြပေးရမည်။

(ခ) အသေးစားစက်မှုလက်မှုလုပ်ငန်းသုံးသစ်အခြေခံ ၁၈" လွှဝိုင်းသစ်စက်များမှတ်ပုံတင် ပေးရာတွင်သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် သစ်တောဦးစီးဌာန၏သဘောထား မှတ်ချက်/တောက်ခံချက်ကို မှတ်ပုံတင်ထုတ်ပေးရာ၌ လိုအပ်ချက်တစ်ခုအနေဖြင့် သတ်မှတ်ထားရှိရမည်။

၄။ နေပြည်တော်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် အသေးစားစက်မှုလက်မှု လုပ်ငန်းမြှင့်တင်ရေးဥပဒေပါ အခြေခံမူများနှင့်အညီ မျိုးတူစုအဖွဲ့များစုဖွဲ့ရန် အသေးစားစက်မှု

လက်မှု လုပ်ငန်းဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားထားရှိပါသည်။

**(က) ရည်ရွယ်ချက်**

(၁) အသေးစားစက်မှုလက်မှုလုပ်ငန်းမြှင့်တင်ရေးဥပဒေပါအခြေခံမူများနှင့်လျော်ညီစွာ မျိုးတူစုအဖွဲ့များက စုပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၂) စီးပွားရေးလုပ်ငန်းရှင်များအတွက် လိုအပ်သော ငွေကြေးအခက်အခဲများကို လုပ်ငန်းအမျိုးအစားတူအသေးစားစက်မှုလက်မှုလုပ်ငန်းရှင်များက စုပေါင်းဖြေရှင်းရန်၊

(၃) မျိုးတူစုလုပ်ငန်းများအချင်းချင်းလိုအပ်သော နည်းပညာပိုင်းဆိုင်ရာ အတွေ့အကြုံဖလှယ်ခြင်း နှင့် ဈေးကွက်ရရှိမှုတို့အတွက် ပူးပေါင်းဆောင်ရွက်ရန်၊

(၄) အသေးစားစက်မှုလက်မှုမျိုးတူစုအဖွဲ့ဝင်များအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနများ၊ ရုံးချုပ်တို့နှင့်လွယ်ကူစွာဆက်သွယ်နိုင်ပြီး လုပ်ငန်းများထိရောက်အောင်မြင်စေရန်၊

**(ခ) မျိုးတူစုအဖွဲ့အဆင့်ဆင့်၏လုပ်ငန်းတာဝန်များ**

(၁) မျိုးတူစုအဖွဲ့များဖွဲ့စည်းလိုပါက သက်ဆိုင်ရာတိုင်းဒေသကြီး နှင့်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှတဆင့် ညွှန်ကြားရေးမှူးချုပ်ထံတင်ပြရန်၊

(၂) မျိုးတူစုအဖွဲ့များဖွဲ့စုစည်းရာတွင် စိတ်တူ၊ ကိုယ်တူ၊ ဆန္ဒတူအဖွဲ့ဝင်များဖြစ်စေရေး စည်းရုံးဆောင်ရွက်ရန်၊

(၃) မျိုးတူစုအဖွဲ့များတွင်ပါဝင်သော လုပ်ငန်းရှင်များ၏ နည်းပညာဖွံ့ဖြိုးတိုးတက် ရေးအတွက် ဆွေးနွေးပွဲများ၊သင်တန်းများပြုလုပ်နိုင်ရေးစီစဉ်ဆောင်ရွက်ပေးရန်၊

(၄) ကုန်ကြမ်းပစ္စည်းများအား အဖွဲ့ဝင်လုပ်ငန်းရှင်များမှ အကျိုးရှိစွာ အသုံးပြုနိုင်ရန်အတွက် ကြီးကြပ်ဆောင်ရွက်ပေးရန်၊

(၅) မျိုးတူစုအဖွဲ့များတွင်ပါဝင်သော အသေးစားစက်မှုလက်မှု လုပ်ငန်းရှင်များ၏ ထုတ်ကုန်များကို ပြည်တွင်းသာမက ပြည်ပဈေးကွက်သို့ စံချိန်စံညွှန်းမီထုတ်လုပ်ရောင်းချနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးရန်၊

(၆) အသေးစားစက်မှုလက်မှုလုပ်ငန်းမြှင့်တင်ရေးဥပဒေပါအခြေခံမူများနှင့်လျော်ညီစွာ မျိုးတူစုအဖွဲ့များက အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

**(ဂ) မျိုးတူစုအဖွဲ့အဆင့်ဆင့်ဖွဲ့စည်းခြင်း**

**(၁) မြို့နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းမျိုးတူစုအဖွဲ့များ**

မြို့နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းမျိုးတူစုအဖွဲ့ (၁)ဖွဲ့ ဖွဲ့စည်းရာတွင် လုပ်ငန်းအမျိုးအစားတူ လုပ်ငန်းရှင်ဦးရေ အနည်းဆုံး (၉) ဦး ပါဝင်ဖွဲ့စည်းရမည်။

**(၂) တိုင်းဒေသကြီး /ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းမျိုးတူစုအဖွဲ့များ**

တိုင်းဒေသကြီး /ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းမျိုးတူစုအဖွဲ့ (၁)ဖွဲ့ ဖွဲ့စည်းရာတွင် အနည်းဆုံး မြို့နယ် (၃) မြို့နယ် ပါဝင်ဖွဲ့စည်းရမည်ဖြစ်ပြီး အဖွဲ့များ ဖွဲ့စည်းနိုင်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာနမှ စည်းရုံးဆောင်ရွက်ပေးရပါမည်။